# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၉၉)

၁၃၆၁ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် —

(က) **ပြည်ပအလုပ်အကိုင်** ဆိုသည်မှာ အောက်ပါအလုပ်အကိုင်များမှအပ ကာလအကန့်အသတ်ဖြင့် ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပရှိ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ယင်းအဖွဲ့များ၏ လက်အောက်ခံအဖွဲ့အစည်းများတွင် ပုဂ္ဂလိကအနေဖြင့် သွားရောက်လုပ်ကိုင်လျက်ရှိသောလုပ်ငန်းလည်း ပါဝင်သည် —

(၁) ပင်လယ်ကူးသင်္ဘောသားအလုပ်အကိုင်၊

(၂) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက တာဝန်ပေးချက်အရ အစိုးရ ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများက ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်အကိုင်။

(ခ) **အလုပ်သမား** ဆိုသည်မှာ ပြည်ပအလုပ်အကိုင်တစ်ခုခုကို လုပ်ခဖြင့် လုပ်ကိုင်လျက်ရှိသည့်အလုပ်သမား၊ လုပ်ကိုင်ရန်ခန့်ထားခြင်းခံရသည့် အလုပ်သမားနှင့် အလုပ်သင်အဖြစ်ခန့်ထားခြင်းခံရသောသူတို့ကိုဆိုသည်။

(ဂ) **အကျိုးဆောင်** ဆိုသည်မှာ ပြည်ပအလုပ်အကိုင် ရှာဖွေသူများ အလုပ်ရရှိရေးအတွက် သတ်မှတ်သည့် ဝန်ဆောင်ခရယူ၍ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဃ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော ပြည်ပအလုပ် အကိုင်ဆိုင်ရာ ဗဟိုကော်မတီကိုဆိုသည်။

(င) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၇ အရ ဖွဲ့စည်းသော ပြည်ပအလုပ် အကိုင်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လူ့စွမ်းအားကို စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ခ) ပြည်ပအလုပ်အကိုင် ရှာဖွေသူများအနေဖြင့် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး ပြည်ပသို့စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရန်၊

(ဂ) အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများနစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့် ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်စေရန်၊

(ဃ) ပြည်ပအလုပ်အကိုင် အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာ များ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျပြန်လည်အသုံးချဆောင်ရွက်ခွင့် ရရှိနိုင်ရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အလုပ်သမားဝန်ကြီးဌာနသည် —

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ပြည်ပအလုပ်အကိုင်ဆိုင်ရာဗဟိုကော်မတီကို ဖွဲ့စည်းရမည် —

| | | | |
|---|---|---|---|
| (၁) | ဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | .... | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | .... | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ<br>ဒုတိယဝန်ကြီးများ | .... | အဖွဲ့ဝင်များ |
| (၄) | အလုပ်သမားရေးရာနှင့် သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများ | .... | အဖွဲ့ဝင်များ |
| (၅) | အလုပ်သမားရေးရာနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ | .... | အဖွဲ့ဝင်များ |
| (၆) | သင့်လျော်သည့်နိုင်ငံသားများ | .... | အဖွဲ့ဝင်များ |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | .... | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်သည် အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) နိုင်ငံတော်၏ လူ့စွမ်းအားကို စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ မူဝါဒချမှတ်ခြင်း၊

(ခ) ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ အလုပ်လုပ်ကိုင်ခွင့်ပြုရေးတို့နှင့် စပ်လျဉ်း၍ ချမှတ်ထားသောမူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။ ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက်ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျပြန်လည်အသုံးချနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(င) ပြည်ပအလုပ်အကိုင်သွားရောက် လုပ်ကိုင်ခွင့်မရှိသော ပြည်ပနိုင်ငံများ၊ လုပ်ငန်းအဖွဲ့အစည်းအမျိုးအမည်များနှင့် လုပ်ငန်းအမျိုးအစားများကို သတ်မှတ်ကြေညာခြင်း၊

(စ) အကျိုးဆောင်လိုင်စင်ထုတ်ပေးခြင်း၊ အကျိုးဆောင်လိုင်စင်ပယ်ဖျက်ခြင်းနှင့် အကျိုးဆောင်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဆ) ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက် ဝန်ဆောင်မှုအတွက် ဦးစီးဌာနက ကောက်ခံခွင့်ရှိသည့်ဝန်ဆောင်ခနှင့် အကျိုးဆောင်က ရထိုက်ခွင့်ရှိသည့် ဝန်ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

## အခန်း (၄)

## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ အလုပ်သမား ဝန်ကြီးဌာနသည် —

(က) ပြည်ပအလုပ်အကိုင်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖြစ်စေခြင်းငှာ ကြီးကြပ်ကွပ်ကဲရန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ပြင်ပမှ အလုပ်သမားရေးရာနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူပုဂ္ဂိုလ်များကအဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) အစိုးရဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်ခံစားရမည့် ချီးမြှင့်ငွေကို သတ်မှတ်နိုင်သည်။

၈။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) ပြည်ပအလုပ်အကိုင်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက ချမှတ်သော မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ အလုပ်လုပ်ကိုင်ခွင့်နှင့် အခွင့်အရေးများရရှိရေး၊ လုပ်ငန်းခွင်နစ်နာကြေးများ ရရှိခံစားရေးတို့နှင့်စပ်လျဉ်း၍ အခက်အခဲများမရှိစေရန် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) ဦးစီးဌာနက ပြည်ပအလုပ်အကိုင်အတွက် တာဝန်ယူစီစဉ်ပေးသော အလုပ်သမားများ စုဆောင်းခြင်း၊ ရွေးချယ်ပေးခြင်းနှင့် ယင်းအလုပ်သမားများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ၏ အကူအညီကိုရယူ၍ လေ့ကျင့်ပညာပေးခြင်း၊

(ဃ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အကျိုးဆောင်လုပ်ငန်းတစ်ခုခုက ဖြစ်စေ

ဖွင့်လှစ်ဆောင်ရွက်သော ပြည်ပအလုပ်အကိုင်နှင့်စပ်လျဉ်းသည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက ဦးစီးဌာန၏အစီအစဉ်ဖြင့် ယင်းသင်တန်းများကိုဖွင့်လှစ်ခြင်း၊

(င) အကျိုးဆောင်လိုင်စင်လျှောက်ထားခြင်း၊ အကျိုးဆောင်လိုင်စင်ပယ်ဖျက်ခြင်း၊ အကျိုးဆောင်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(စ) အကျိုးဆောင်လုပ်ငန်းများ စစ်ဆေးရေးကိစ္စနှင့် ပြည်ပသို့ထွက်ခွာမည့် အလုပ်သမားများအား စစ်ဆေးရေးကိစ္စများအတွက် လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ငယ်များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဆ) အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) အလုပ်သမားများ၊ ပြည်ပသို့ထွက်ခွာခွင့်ကိစ္စ၊ ပြည်ဝင်ခွင့်ဗီဇာကိစ္စများ လွယ်ကူအဆင်ပြေမှုရှိစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) အလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ စုံစမ်းစစ်ဆေးရေးအဖွဲ့ငယ်၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ထွက်ခွာရန်မသင့်ကြောင်း တွေ့ရှိပါက ပိတ်ပင်ခြင်း၊

(ည) ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက်ရရှိခဲ့သော အတွေ့အကြုံနှင့် အသိပညာများ၊ အတတ်ပညာများကို ပြည်တွင်းတွင် စနစ်တကျ ပြန်လည်အသုံးချခွင့်ရရှိစေရေးအတွက် ပံ့ပိုးကူညီခြင်း၊

(ဋ) ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ရရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် အကျိုးဆောင်များအား အသိပေးခြင်း၊

(ဌ) ဗဟိုကော်မတီက သတ်မှတ်သည့် ဝန်ဆောင်ခ ကောက်ခံမှုကို ကြီးကြပ်ခြင်း၊

(ဍ) အလုပ်သမား ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## မှတ်ပုံတင်ခြင်း

၉။ (က) ပြည်ပအလုပ်အကိုင်ရှာဖွေသူသည် ဦးစီးဌာနက မှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင် အမျိုးအစားတစ်ခုခုကို ရှာဖွေခြင်းဖြစ်ပါက ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) ဦးစီးဌာနသည် ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် မှတ်ပုံတင်ထားသူအား ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ အကျိုးဆောင်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးရမည်။

(ဂ) ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် မှတ်ပုံတင်ထားသူသည် ပြည်ပအလုပ်အကိုင်ကို လုပ်ကိုင်ခွင့်ရရှိပါက ဦးစီးဌာနတွင် အလုပ်သမားအဖြစ် မှတ်ပုံတင်ရမည်။

၁၀။ ပြည်ပအလုပ်အကိုင် ရှာဖွေသူအဖြစ် ဦးစီးဌာနက မှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင် အမျိုးအစားမဟုတ်သည့် အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ခွင့်ရရှိသူသည် ဦးစီးဌာနတွင် အလုပ်သမားအဖြစ် မှတ်ပုံတင်ရမည်။

၁၁။ ဤဥပဒေအာဏာမတည်မီက ပြည်ပအလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်လျက်ရှိသူသည် ပြည်တွင်းသို့ ပြန်လည်ရောက်ရှိပြီး ပြည်ပအလုပ်အကိုင်တစ်ခုခုကို ဆက်လက်လုပ်ကိုင်ပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနတွင် အလုပ်သမားအဖြစ် မှတ်ပုံတင်ရမည်။

၁၂။ ဦးစီးဌာနသည် —

(က) ပြည်ပအလုပ်အကိုင် ရှာဖွေသူမှတ်ပုံတင်စာအုပ်ကိုလည်းကောင်း၊ အလုပ်သမားမှတ်ပုံတင်စာအုပ်ကိုလည်းကောင်း၊ သီးခြားဖွင့်၍ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရမည်။

(ခ) အလုပ်သမားအား ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထားသက်သေခံလက်မှတ်ထုတ်ပေးရမည်။

## အခန်း (၆)
## အကျိုးဆောင်လိုင်စင်

၁၃။ အကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်လိုသူသည် အကျိုးဆောင်လိုင်စင်ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၄။ ဦးစီးဌာနသည် —

(က) အကျိုးဆောင်လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် အကျိုးဆောင်လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် အကျိုးဆောင်လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) အကျိုးဆောင်လိုင်စင်ထုတ်ပေးခြင်းမပြုမီ သတ်မှတ်ထားသောအကျိုးဆောင်လိုင်စင်ခကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

(ဂ) အကျိုးဆောင်လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်လျှင် စုံစမ်းစစ်ဆေးရန် အလို့ငှာ စုံစမ်းစစ်ဆေးရေးအဖွဲ့ငယ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

၁၅။ အကျိုးဆောင်လိုင်စင်ရရှိသူက အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် ဦးစီးဌာနသည် ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် အကျိုးဆောင်လိုင်စင် ပယ်ဖျက်ခြင်း သို့မဟုတ် အကျိုးဆောင်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည် —

(က) အကျိုးဆောင်လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) အကျိုးဆောင်က အလုပ်အကိုင်ရှာဖွေသူအတွက်ဖြစ်စေ၊ အလုပ်သမားအတွက်ဖြစ်စေ ဆောင်ရွက်ပေးရန်တာဝန်ယူထားသည့်အတိုင်း မဆောင်ရွက်ခြင်း၊

(ဂ) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အကျိုးဆောင်လိုင်စင်ကို လွှဲပြောင်းလုပ်ကိုင်စေခြင်း၊

(ဃ) သတ်မှတ်ထားသည့် ဝန်ဆောင်ခထက် ပိုမိုတောင်းခံခြင်း၊

(င) ပြည်ပအလုပ်အကိုင်ဆိုင်ရာစာရင်းများနှင့် အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ပေးပို့ရန် ပျက်ကွက်ခြင်း။

၁၆။ ကြီးကြပ်ရေးအဖွဲ့သည် အကျိုးဆောင်လိုင်စင်ပယ်ဖျက်ရန် သို့မဟုတ် အကျိုးဆောင်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းရန် ကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်လျှင် စုံစမ်းစစ်ဆေးရန်အလို့ငှာ စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးနိုင်သည်။

၁၇။ အလုပ်သမားဝန်ကြီးဌာနသည် အကျိုးဆောင်လိုင်စင် သက်တမ်း၊ လိုင်စင်ကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အာမခံကြေးများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။

## အခန်း (၇)
## အယူခံခြင်း

၁၈။ အောက်ပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း အလုပ်သမားဝန်ကြီးဌာနဝန်ကြီးထံ အယူခံနိုင်သည်–

(က) ဦးစီးဌာနက ကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် အကျိုးဆောင်လိုင်စင် ထုတ်ပေးကြောင်း၊ ငြင်းပယ်ကြောင်း ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်၊

(ခ) ကြီးကြပ်ရေးအဖွဲ့က အကျိုးဆောင်လိုင်စင်ပယ်ဖျက်ကြောင်း သို့မဟုတ် အကျိုးဆောင်လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းကြောင်း သို့မဟုတ် အလုပ်သမားအား ပြည်ပသို့ ထွက်ခွာခွင့်ကို ပိတ်ပင်ကြောင်း ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်။

၁၉။ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၈)
## အလုပ်သမားများ၏ တာဝန်နှင့်အခွင့်အရေးများ

၂၀။ အလုပ်သမားသည် ပြည်ပသို့မထွက်ခွာမီ –

(က) ကြီးကြပ်ရေးအဖွဲ့က စီစဉ်ညွှန်ကြားသည့်အတိုင်း ကျန်းမာရေးစစ်ဆေးမှုကိုခံယူပြီး ကျန်းမာကြောင်း ထောက်ခံချက် လက်မှတ်ရယူထားရမည်။

(ခ) မှတ်ပုံတင်ပြီးကြောင်း ဦးစီးဌာနက ထုတ်ပေးသောအထောက်အထား သက်သေခံ လက်မှတ် ရရှိပြီးဖြစ်ရမည်။

၂၁။ မှတ်ပုံတင်ပြီး ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားသည် ပြည်ပတွင် အလုပ်လုပ်ကိုင်နေစဉ် ထူးခြားသည့်အလုပ်အကိုင်အခြေအနေကို သက်ဆိုင်ရာအကျိုးဆောင်သို့ သတ်မှတ်ချက်များနှင့်အညီ သတင်းပို့ရမည်။ အကျိုးဆောင်နှင့်ဆက်သွယ်၍ သွားရောက်လုပ်ကိုင်ခဲ့ခြင်း မဟုတ်ပါက သက်ဆိုင်ရာ မြန်မာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ သတ်မှတ်ချက်များနှင့်အညီ သတင်းပို့ရမည်။ အဆိုပါရုံးများမရှိလျှင် ဦးစီးဌာနသို့ သတင်းပို့ရမည်။

၂၂။ အလုပ်သမားသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် လက်ရှိလုပ်ကိုင်လျက်ရှိ သော ပြည်ပအလုပ်အကိုင်မဟုတ်ဘဲ အခြားပြည်ပအလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ရန်အတွက် ပြည်ပသို့ ထွက်ခွာမည်ဆိုလျှင် ပုဒ်မ ၂၀ နှင့်အညီ ဆောင်ရွက်ပြီးမှသာ ပြည်ပသို့ ထွက်ခွာရမည်။

၂၃။ အလုပ်သမားသည် ဗဟိုကော်မတီက သတ်မှတ်သည့်ဝန်ဆောင်ခကို ဦးစီးဌာနသို့ဖြစ်စေ၊ အကျိုးဆောင်သို့ဖြစ်စေ ပေးရမည်။

၂၄။ အလုပ်သမားသည် —

(က) ပြည်ပတွင် အလုပ်ခွင်ထိခိုက်မှုအတွက် ရထိုက်ခွင့်ရှိသည့် လျော်ကြေး၊ နစ်နာကြေး အပြည့်အဝရရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အကျိုးဆောင်မှ တစ်ဆင့် တောင်းဆိုခွင့်ရှိသည်။

(ခ) ပြည်ပအလုပ်အကိုင်နှင့်စပ်လျဉ်း၍ ရပိုင်ခွင့်နှင့်အခွင့်အရေးများ၊ နစ်နာဆုံးရှုံးမှု အတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခွင့်ရှိ သည်။

# အခန်း (၉)
## အကျိုးဆောင်လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၂၅။ အကျိုးဆောင်လိုင်စင်ရရှိသူသည် —

(က) အကျိုးဆောင်လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) အကျိုးဆောင်လိုင်စင်ကြေးများကို သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရမည်။

(ဂ) စာချုပ်ရှိပါက ယင်းစာချုပ်ပါ သဘောတူထားသည့်တာဝန်များကို အလုပ်သမား အတွက် ဆောင်ရွက်ပေးရမည်။

(ဃ) အလုပ်သမား၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်လာပါက သက်ဆိုင်ရာပြည်ပလုပ်ငန်းရှင်နှင့်ဆက်သွယ်၍ ယင်းရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်။

(င) ကြီးကြပ်ရေးအဖွဲ့ကဖြစ်စေ၊ ဦးစီးဌာနကဖြစ်စေ တာဝန်ပေးအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိတစ်ဦးဦး၏စစ်ဆေးမှုကိုခံယူရမည်။

(စ) ပြည်ပအလုပ်အကိုင်နှင့်စပ်လျဉ်း၍ စာရင်းများနှင့်အချက်အလက်များကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ပေးပို့ရမည်။

(ဆ) လုပ်ငန်းရုံးနေရာ ပြောင်းလဲလျှင်ဖြစ်စေ၊ မိမိကတာဝန်လွှဲအပ်ထားသော စီမံအုပ်ချုပ်သူပြောင်းလဲလျှင်ဖြစ်စေ ထိုသို့ပြောင်းလဲကြောင်းကို ဦးစီးဌာနသို့ စာဖြင့်အကြောင်းကြားရမည်။

(ဇ) ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရရှိရေးအတွက်ဆောင်ရွက်ရမည်။

(ဈ) အလုပ်သမားများအား လုပ်ငန်းအတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိစေရန် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ကိုယ်ပိုင်သင်တန်းများပေးခွင့်ရှိသည်။ လိုအပ်ပါက ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(ည) ဤဥပဒေအရ ထုတ်ပြန်ထားသည့်နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဋ) ပြည်ပအလုပ်အကိုင်ရှာဖွေပေးသည့်အတွက် ဗဟိုကော်မတီက သတ်မှတ်သည့်ဝန် ဆောင်ခကို အလုပ်သမားထံမှ တောင်းခံခွင့်ရှိသည်။

(၄) ပြည်ပအလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအား အကြံဉာဏ်ပေးခွင့်ရှိသည်။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သူမဆို အကျိုးဆောင်လိုင်စင်မရှိဘဲ အကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၇) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၇။ အကျိုးဆောင်လိုင်စင်ရရှိသူ မည်သူမဆို ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့်ဝန်ဆောင်ခထက် ပိုမိုတောင်းခံရယူကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၈။ အကျိုးဆောင်လိုင်စင်ရရှိသူ မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အကျိုးဆောင်လိုင်စင်ကို လွှဲပြောင်းလုပ်ကိုင်စေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိ ချမှတ် ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၉။ အကျိုးဆောင်လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူကို ထောင်ဒဏ် (၁)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၀။ (က) ယခင်ကုန်သွယ်ရေးဝန်ကြီးဌာနက ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး

(ယာယီ) အက်ဥပဒေပုဒ်မ ၃ အရ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးအကျိုးဆောင်များ မှတ်ပုံတင်ခြင်းအမိန့် (အမိန့်အမှတ် ၂/၈၉) အရ ပြည်ပအလုပ်အကိုင် စီးပွားရေးအကျိုးဆောင်လုပ်ငန်းအတွက် ထုတ်ပေးထားသည့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်သည် ဤဥပဒေအာဏာတည်သည့်နေ့တွင်ပျက်ပြယ်စေရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပျက်ပြယ်သော လုပ်ကိုင်ခွင့်မှတ်ပုံတင် လက်မှတ်ကိုင်ဆောင်သူသည် ပြည်ပအလုပ်အကိုင်အတွက် အကျိုးဆောင်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျိုးဆောင်လိုင်စင်လျှောက်ထားရမည်။

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန် —

(က) အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အလုပ်သမားဝန်ကြီးဌာန၊ ဗဟိုကော်မတီနှင့် ဦးစီးဌာနတို့သည် လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ